# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ ခုနှစ်

# ဒေသန္တရစီမံကိန်း ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ခုနှစ် ၊ ဒေသန္တရစီမံကိန်းဥပဒေ

(၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၂ ခုနှစ်၊ မတ် လ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၁-၂၀၁၂ခုနှစ် ၊ ဒေသန္တရစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၁-၂၀၁၂ခုနှစ် ၊ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်းဒေသကြီးအတိုင်းအတာအရ လူမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ် ဆောင်ရွက်သောလုပ်ငန်း အစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်** ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်** ဆိုသည်မှာ စီးပွားရေးကဏ္ဍများ အလိုက်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **လုပ်ငန်းစဉ်** ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင် အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်** ဆိုသည်မှာ နှစ်စဉ်တိုးတက်မှု အခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ၂၀၁၀-၂၀၁၁ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကိုဆိုသည်။

(ဇ) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ဖွဲ့စည်းထားသော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု နှင့် ကုန်သွယ်မှုကဏ္ဍများကိုဆိုသည်။

(ဈ) **ကဏ္ဍကြီး** ဆိုသည်မှာ စီးပွားရေးကဏ္ဍများကို လုပ်ငန်းသဘောသဘာဝ တူညီမှု အပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်သည့် လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးများကို ဆိုသည်။

## အခန်း(၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ဦးတည်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လက်မှုလယ်ယာ မှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ရေး၊

(ခ) ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သည့်အပြင်တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင် ၊ အခွင့်အလမ်းများ၊ ဖန်တီးပေးရေး၊

## အခန်း(၃)
## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါမည်-

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၆. ၉ ရာခိုင်နှုန်း တိုးတက် ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၀၇ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၅၀. ၁ ရာခိုင်နှုန်းမှ ၄၈. ၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၃. ၈ ရာခိုင်နှုန်းမှ ၂၄. ၇ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၂၆. ၁ ရာခိုင်နှုန်းမှ ၂၇. ၁ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၂. ၆ရာခိုင်နှုန်း၊စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၁. ၅ ရာခိုင်နှုန်း၊ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၁၁. ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်စေရန်၊

(ဃ) လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

## အခန်း(၄)
## ကဏ္ဍအလိုက်မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၅။ လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး၊အထူးသဖြင့် မြေကြီးမြေပုံနှင့် သီးနှံစိုက်ဧရိယာများ မှန်ကန်ရေးကို ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါး၊စပ်မျိုးနေကြာ၊မျိုးစေ့များထုတ်လုပ်ရန် ၊

(၃) ကြံ၊ဝါ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံများတွင်လည်း အထွက်ကောင်း မျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များဖော်ထုတ်ရန်၊

(၅) အကျိုးပြုဧရိယာ၊ ကေ၁၃၄၀ရှိသော ဆည်မြောင်းတာတမံစီမံကိန်း(၂)ခု တည်ဆောက်ရန်

(၆) စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရ ၂၁၃ ဦး မွေးထုတ်ရန်၊

(၇) သုတေသနလုပ်ငန်းများ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့် သင်ကြား ခြင်းများ ဆောင်ရွက်ရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး ပေးရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြေကြီး၊မြေပုံနှင့်မြေစာရင်း မှန်ကန်ရေးမြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေး၊ တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျှက်ရှိသည့် လုပ်ကွက်ဧရိယာများစာရင်း ကောက်ယူရေး လုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ရန်နှင့် ၂၀၁၁-၂၀၁၂ခုနှစ်တွင် ကွင်းပေါင်း ၁၀၁ ကွင်း၊ ဧက ၁. ၁သိန်းကို တိုင်းတာဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်ရန် နှင့် ဧက ၁၀၀ စီ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါး အထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်ရန်နှင့်၂၀၁၁-၂၀၁၂ ခုနှစ်တွင် စပ်မျိုးစပါး မျိုးစေ့ထုတ်ဧရိယာ ဧက ၁၀၀ ဆောင်ရွက်ရန်၊

(၃) ရေမြေဒေသနှင့် ကိုက်ညီသော သီးနှံမျိုးများ၊ ရေငတ်ဒဏ်ခံ စပါးမျိုးများ၊ ဆားငန်ဒဏ်ခံ၊ စပါးမျိုးများ တောင်ပေါ် ယာစပါးများ သုတေသန စမ်းသပ်ဆောင်ရွက်ရန်၊

(၄) တောင်သူပညာပေးလုပ်ငန်းများ၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာ ကိုယ်တွယ်အသုံးပြုနည်း သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊

(၅) ဗောဓိတစ်ထောင်နှင့်အင်ကြင်းသပိုး ရေလှောင်ဆည်မှ အကျိုးပြုဧရိယာဧက ၁၃၄၀ ရရှိအောင် ဆောင်ရွက်ရန်၊

(၆) မြေအောက်ရေရရှိရေးလုပ်ငန်းအနေဖြင့် စက်ရေတွင်း ၃၄၉ တွင်း၊ လက်ရိုက်တွင်း ၁၅၇၇ တွင်း မှ အကျိုးပြုဧရိယာ ၃၇၃၂၂ဧက ရရှိရေးဆောင်ရွက်ရန်၊

(၇) ရွှေဘိုစိုက်ပျိုးရေးသိပ္ပံကျောင်းမှ စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရ ၂၁၃ ဦး မွေးထုတ်ရန်၊

(၈) သုတေသနလုပ်ငန်းများ စိုက်ပျိုးပညာပေးလုပ်ငန်းများ ၊ လေ့ကျင့် သင်ကြားခြင်းများ ဆောင်ရွက်ရန်၊

(၉) စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၄၄၅၇၇. ၆ ထုတ်ချေးရန်၊

၆။ သားငါးကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒမှာပဉ္စမကာလတို ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ ၂၀၁၁-၂၀၁၂ခုနှစ်တွင် ငါးပုဇွန်ထုတ်လုပ်မှုကို အခြေခံနှစ်၏ ၁၆. ၃ ရာခိုင်နှုန်း တိုးတက်ရရှိစေရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အသားကဏ္ဍ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူနိုင်ရေးအတွက် ပြည်တွင်းပြည်ပ အရင်းအနှီးနှင့် နည်းပညာများ ရယူဆောင်ရွက်ခြင်းနှင့် မွေးမြူရေးချေးငွေ ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊

(၂) နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် တိရိစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါများကို ကာကွယ် ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) အရည်အသွေးကောင်း မျိုးအောင်ပျားဘုရင်မများ ထုတ်လုပ်ဖြန့်ဖြူးရေး ဌာန၊ ပုဂ္ဂလိကပျားစခန်းများ တိုးပွားရေးနှင့် ပျားအုံများကို စစ်ဆေးကြပ်မတ်ရေး ဆောင်ရွက်ရန်၊

(၄) အင်းများတွင် ငါးမျိုးများ ချန်လှန်၍ ဖမ်းစီးရေးကိုအခြေခံသော မွေးမြူရေး စနစ်ဖြင့်ငါးမွေးမြူရန်နှင့် ငါးထုတ်လုပ်မှု တိုးစေရေးအတွက် စပါးခင်းများနှင့် မြစ်ချောင်းရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက်ပြည်ပသို့ ငါး၊ ပုဇွန် တိုးချဲ့ တင်ပို့နိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအားကူညီပံ့ပိုး တွန်းအားပေး ဆောင်ရွက်ရန်၊

(၆) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်ဟင်းစားမှ စီးပွားဖြစ် မွေးမြူရေးအစုအဖွဲ့များ အဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများအတွက် မိသားစုအပိုဝင်ငွေ ရရှိစေရေးဆောင်ရွက်ရန်။

၇။ သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာအောက်ပါအတိုင်းဖြစ်သည်-

(၁) ရေမြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများကာကွယ်ထိန်းသိမ်းရေးတွင် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး။

(၂) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး။

(၃) သစ်တောသယံဇာတများထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများတိုးတက် ဖြစ်ထွန်းပေါ်ပေါက်လာစေရေး။

(၄) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သဘာဝတောများထိန်းသိမ်းကာကွယ်ရန်၊

(၂) ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်ရန်၊

(၃) အပူပိုင်းဒေသရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းရန်၊

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည် တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရန်၊

(၅) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင် ထိန်းသိမ်းရန်၊

(၆) အပူပိုင်းဒေသအတွင်းရှိ တောင်စဉ်တောင်တန်း ၁ ခု စိမ်းလန်းစိုပြည်လာ စေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်ရန်၊

(၇) သဘာဝတောများမှ သစ်ထုတ်လုပ်မှုဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်ရန်၊

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ရန်၊

(၉) အပူပိုင်းဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းနိမ့်ကျ ခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတားဆည်ငယ်များ တည်ဆောက် သွားရန်နှင့် ကျေးလက်ပြည်သူ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်ရန်၊

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစု အဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန်၊

(၁၁) နှစ်စဉ်လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်၊

(၁၂) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာ စေရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်၊

(၁၃) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်တောထွက်အပေါ် အခြေခံ၍ စိစစ် ထုတ်လုပ် ရန်၊

(၁၄) သစ်မဟုတ်သည့်အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက် ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲစေရန်၊

(၁၅) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့်သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ရန်၊

(၁၆) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(၁၇) သစ်မထုတ်မီနှင့်သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင် အကျိုး သက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်၊

(၁၈) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ် ရန်၊

(၁၉) သစ်တစ်ပင်လုံးအသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(၂၀) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက် ညီညီ ဖွံ့ဖြိုးတိုးတက် လာစေရန်၊

(၂၁) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်ရန်၊

(၂၂) ဖက်စပ်၊ ပုဂ္ဂလိက သစ်ခြေခံစက်ရုံများအတွက် လိုအပ်သောသစ်လုံး၊ ခွဲသား ကုန်ကြမ်းများ ရောင်းချပေးရန်၊

(၂၃) သစ်အခြေခံစက်မှုလုပ်ငန်းထွက်ကုန်အမယ်သစ်များထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများ အတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရေး ဆောင်ရွက်ရန်၊

(၂၄) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီ ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂၅) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းအပြင် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများစေလွှတ်ရန်၊

၈။ စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) စွမ်းအင်အရင်းအမြစ်ဖြစ်သည့် ရေနံစိမ်းထုတ်လုပ်မှုကို ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေးအတွက် တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်မှာ ရေနံစိမ်းထုတ်လုပ်မှုကို အမေရိကန်စည်ထောင်ပေါင်း ၃၄၆. ၁ ထုတ်လုပ်ရန်ဖြစ်သည်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ရေနံစိမ်းတိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို နိုင်ငံပိုင်အခန်းကဏ္ဍသာမက ပြည်တွင်း ပြည်ပ ပုဂ္ဂလိကလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၂) ရေနံတွင်းသစ်များတိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကိုလည်း ထုတ်လုပ်မှု လျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊

(၃) ရေနံစိမ်းထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်ရန်၊

၉။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတော်၏ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့်အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရွေ့ရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိပိုင်ကဏ္ဍမြှင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာစေရန် အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားနှင့်အညီ ဓာတ်သတ္တု ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာစွာပေါ်ပေါက်ပြီး ထိုက်သင့်သည့်ဈေးနှုန်းများ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများသုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ် အစားထိုးရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာသနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရန် အလေးထားဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏ အမျိုးသားဝင်ငွေတိုးတက်စေရေး အထောက်အကူ ပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တု ကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်းစသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှု မရှိစေရေးအတွက် ဟန်ချက်ညီအလေးထား ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေး စနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရေး စီမံဆောင်ရွက်ရန်၊

(၄) အကျိုးတူ လုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ အလုပ်ရုံများအား သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန်၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ရန်၊

၁၀။ စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်း ရေးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှု ကုန်စည်များကို ဒေသအတွင်းတွင် ပိုမိုသုံးစွဲလာရေးနှင့် ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အရည်အသွေး မြင့်မားသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊

(၃) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) ပြည်သူလူထု၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေး၊

(ခ) ရည်မှန်းချက်မှာ စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးကို ပိုမို မြှင့်တင်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဒေသတွင်းစက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလို့ငှာ နိုင်ငံပိုင်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းခြင်းနည်းလမ်း၊ ပုဂ္ဂလိကကဏ္ဍသို့ စနစ်တကျ လွှဲပြောင်းပေးခြင်းနည်းလမ်းများကို သုံး၍ နိုင်ငံပိုင်ကဏ္ဍကို ဖြည်းဖြည်းခြင်း လျှော့ချသွားပြီး ဈေးကွက်လိုအပ်သည့် ထုတ်ကုန်ပစ္စည်းကို အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်ရန်၊

(၂) လေလွင့်ဆုံးရှုံးမှု နည်းပါးရေးအတွက် စနစ်တကျ စီမံခန့်ခွဲရန်၊

(၃) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စက်မှုနည်းပညာနှင့် စီမံခန့်ခွဲမှု အတတ်ပညာများ စီးဝင်လာစေရေး တိုးမြှင့် ဆောင်ရွက်ရန်၊

(၄) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရန်၊

(၅) လယ်ယာအထောက်အကူပြု စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်၊

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်သည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးရန်။

၁၁။ လျှပ်စစ်ဓါတ်အားကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ပဉ္စမ ကာလတို င်ါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓါတ်အားကို ခရိုင်နှင့်မြို့နယ်များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော် ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင် သုံးစွဲလာစေရေးအတွက် နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေလျှပ်စစ် ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊

(၄) တိုင်းဒေသကြီး၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူး သုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီသတ်မှတ်ထားသော ကြိမ်နှုန်းပြည့် တည်ငြိမ်စွာ ရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(ခ) ရည်မှန်းချက်မှာ ပဉ္စမကာလတိုင်ါးနှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများတိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်ရန်ဖြစ်သည်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၃၀ ကေဗွီဓာတ်အားလိုင်း ၁ လိုင်း၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း ၃ လိုင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄ လိုင်း၊ ၃၃ ကေဗွီ ၁၇ လိုင်း စုစုပေါင်းဓာတ်အားလိုင်း ၂၅လိုင်းဖြင့် ဓာတ်အားဖြန့်ဝေပေးရန်၊

(၂) ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ ၂ ရုံ၊ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ ၆ ရုံ၊ ၆၆ ကေဗွီ ဓာတ်အားခွဲ ရုံ ၈ ရုံ ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံ ၄၆ ရုံ စုစုပေါင်း ဓာတ်အားခွဲရုံ ၆၂ ရုံမှ ဓာတ်အားဖြန့်ဝေပေးရန်။

၁၂။ ဆောက်လုပ်မှု ကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) အရေးကြီးသော ပေ ၁၈၀ အထက်မြစ်ကူးတံတား ၁ စင်း တည်ဆောက်ရေး၊

(၂) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းစဉ် ၈ ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် ဒေသတွင်းဖွံ့ဖြိုးရေး မူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၃) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦးများကို ပြည်ထောင်စုအစိုးရ၏ကိုယ်စား စီမံခန့်ခွဲပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက်ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာစေရေးအတွက် အဓိကထား ဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတကာနှင့် ဆက်သွယ်မည့်လမ်းများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ နှစ်လမ်းသွား ကတ္တရာလမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား အမြဲတမ်း ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် ၁၂ ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ အမြဲတမ်း ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ရန်၊

(၃) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေး ဆောင်ရွက်ရန်၊

(ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတကာနှင့်ဆက်သွယ်သည့် လမ်းမကြီး ၃ လမ်း၊ ဖောက်လုပ်ဆဲ ပြည်ထောင်စု လမ်းမကြီးများနှင့် အခြားလမ်းသစ်များ ဖောက်လုပ်ရေး လုပ်ငန်းကို ဆောင်ရွက်ရန်၊

(၂) ၁၈၀ ပေအထက် အမြဲတမ်းကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ရန်၊

(၃) ပြည်ထောင်စုအစိုးရက သီးခြားတာဝန်ပေးလာသော အထူးစီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းများအား အကောင်အထည်ဖော်ခြင်းများကို ဆက်လက်ဆောင်ရွက်ရန်။

၁၃။ ပို့ဆောင်ရေး ကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အခြားစီးပွားရေးကဏ္ဍများ၏ တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံ၍ပို့ဆောင်ရေးစွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးယာဉ်များအစားထိုးရန်၊ အင်အားတိုးချဲ့ရန်၊ အခြေခံအဆောက်အဦးများကိုလည်း၊ လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရန်အတွက်အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(၂) ရထားပို့ဆောင်မှုစနစ်တွင်ပါဝင်သည့် အစိတ်အပိုင်းအားလုံး ပြန်လည်သုံးသပ်၍ အရည် အသွေးမြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရန် ဆောင်ရွက်ရေး၊

(ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ်အသားတင် ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၂) ရေကြောင်းသွားလာမှုတိုးတက်လာစေရေးအတွက် ရေလမ်းကောင်းမွန်ရေး၊ ရေတိုက်စားကမ်းပါးပြိုမှု ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အတွက်နှစ်စဉ်အသားတင် ဘဏ္ဍာငွေများတိုးတက်ရှာဖွေရေးဆောင်ရွက်ရန်၊

(ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ရေကြောင်းကဏ္ဍတွင် လျာထားချက်များအတိုင်း မှတ်ပုံတင်သဘော်ာအရေအတွက် တိုးတက်လာရေးအတွက် လိုအပ်သောစစ်ဆေးမှုများ၊ မှတ်ပုံတင်မဲ့ရေယာဉ်များ၊ လိုင်စင်သက်တမ်းလွန်ရေယာဉ်များကို ဖော်ထုတ်စစ်ဆေးအရေးယူပြီး ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်ရာအခွန်အခ၊ ဒဏ်ကြေးများ၊ အပြည့်အဝကောက်ခံပြီး နိုင်ငံခွန်ငွေတိုးတက်အောင် ဆောင်ရွက်ရန်။

(၂) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် မြို့ရွာများ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းပေးခြင်းလုပ်ငန်း၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ လက်ရှိသုံးစွဲနေသည့် ရေယာဉ်နှင့် ယန္တရားများ ကြံ့ခိုင်စေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၃) ရထားလမ်းဟောင်းများအား အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားပေါင်များ၊ သံမဏိတံတားပေါင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ရန်၊

(၄) မိုးတားကြီး-ချောင်းဝ-ကျောက်ကြီး ရထားလမ်းပိုင်း ၂၀ မိုင်ကို ပြီးစီးအောင် ဖောက်လုပ်ဖွင့်လှစ်ရန်။

၁၄။ ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပဥ္စမကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသော စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရေး၊

(၂) လက်ရှိကျင့်သုံးနေသော စာတိုက်နှင့်ကြေးနန်းဆိုင်ရာ ဥပဒေများကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေး၊

(၃) ဆက်သွယ်ရေးကဏ္ဍ တည်ဆောက်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ပုဂ္ဂလိကပါဝင် ရင်းနှီးမြှုပ်နှံမှုကို စတင်ခွင့်ပြုရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကိုအခြေခံနှစ်၏ ၁. ၀၄ဆ တိုးတက်ဖြစ်ပေါ်စေရေးနှင့် တိုးတက်မှုနှုန်းအနေဖြင့် ၄. ၃ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့ တပ်ဆင်သွားပြီး တယ်လီဖုန်းလုံးရေ ၆၁၃၇ နှင့် တယ်လီဖုန်းသိပ်သည်းဆ တိုးတက်စေရန် လည်းကောင်း၊ အင်တာနက်အသုံးပြုသူကို ၂၀ဦးအထိ တိုးတက်စေရေး ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) စာတိုက်လုပ်ငန်းတွင် စာတိုက်ရုံးအသစ် တစ်ရုံးဖွင့်လှစ်ရန်၊

(၂) ကြေးနန်းရုံးအသစ် ၃ ရုံးဖွင့်လှစ်ရန်၊

(၄) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း စုစုပေါင်းလုံးရေ ၆၁၃၇ လုံးတပ်ဆင်ပေးရန်၊

(၅) မိုဘိုင်းတယ်လီဖုန်းတိုးချဲ့ခြင်း စီမံကိန်းပထမနှစ်တွင် လိုင်း ၄ သိန်း တိုးချဲ့ခြင်း လုပ်ငန်း စတင်ဆောင်ရွက်ရန်၊

(၆) မန္တလေး-စစ်ကိုင်း-မြင်းမူ-ချောင်းဦး-မုံရွာ ဖိုင်ဘာဆက်ကြောင်းများ တည်ဆောက်ရန်၊

(၇) မန္တလေး-ကလေး၊ မန္တလေး-မြင်းမူ-ချောင်းဦး-မုံရွာ မိုက္ကရိုဝေ့ဖ် ဆက်ကြောင်းများ တည်ဆောက်ရန်၊

(၈) t dk fy DTransit Gateway များကို တပ်ဆင်ရေးကိစ္စနှင့် ခရိုင်နှင့် မြို့နယ်များရှိ ခေတ်ဟောင်းအိတ်ချိန်းများအား အစားထိုး လဲလှယ်ခြင်းများ ဆောင်ရွက်ရန်။

၁၅။ ငွေရေးကြေးရေး ကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး ဖြစ်သည်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေး ကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေး အတွက် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ရန်၊

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေ စေရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်၊

(၃) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(၄) ဖွဲ့စည်းပုံဝန်ထမ်းအင်အား၊ အဆောက်အဦ၊ ပရိဘောဂ၊ စက်ပစ္စည်း လိုအပ်ချက်များကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ဖြည့်ဆည်း ဆောင်ရွက်ရန်၊

(၅) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(၆) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစား ငွေရေးကြေးရေးဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(၇) အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ထိုအဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းကြပ်မတ် ဆောင်ရွက်ရန်။

၁၆။ လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍနှင့် စပ်လျဉ်းသည့် မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျောင်းနေအရွယ် လူငယ်အားလုံးပညာသင်ယူခွင့်ရရှိရေး၊
(ခ) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊
(ဂ) ကျန်းမာရေးစနစ်အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊
(ဃ) ကျန်းမာခြင်းပေါ်အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသောအခြေအနေများ တိုးတက်ကောင်းမွန်ဖြစ်ပေါ်စေရေး၊
(င) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊
(စ) လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝ မှန်ကန်စွာရရှိရေး၊
(ဆ) မိမိနိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်ရေး။

၁၇။ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်းသည့် မူဝါဒမှာ အပြန်အလှန် ကူးလူးဆက်နွယ်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူပြုစေရေး ဖြစ်သည်။

၁၈။ ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်းသည့် မူဝါဒမှာ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး ဖြစ်သည်။

၁၉။ မူဝါဒများကိုအကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများသည် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် ဆီလျော်သည်များကိုသာ ဆောင်ရွက်ရမည်။

## အခန်း (၅)
## အထွေထွေ

၂၀။ ၂၀၁၁-၂၀၁၂ခုနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၁ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ သက်ဆိုင်သည့်ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖောင်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ
ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(သာအေး)
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့